• Vol.1 No.1 January, 2022

# HUMAN RIGHTS NEWSLETTER

A Monthly Publication of the
Myanmar National Human Rights Commission

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကျင်းပသော(၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဝဏ်လွှာပေးပို့




**ဒီဇင်ဘာလ ၁၀ ရက်**

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့နိုင်ငံများ၌ လူ့အခွင့်အရေးနေ့ အခမ်းအနားများ ကျင်းပ ကြသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကို ၂၀၁၅ ခုနှစ်မှစတင်လျက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဦးဆောင်၍ နှစ်စဉ် ကျင်းပခဲ့ပါသည်။

၁၀-၁၂-၂၀၂၁ ရက်နေ့တွင် ကျရောက်သော (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး တည်ရှိသည့် အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် နံနက် ၁၀:၀၀ နာရီအချိန်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး

• စာမျက်နှာ ၂ သို့

- *ရှေ့ဖုံးမှ*



ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီး ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဦးစွာဖတ်ကြားပါသည်။ ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဦးစွာဖတ်ကြားပါသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပခဲ့ပါသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် Website အသစ် www.mnhrc.org.mm အား စတင်မိတ်ဆက် လွှင့်တင်ခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍ အခမ်းအနား အစီအစဉ်အရ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာ စာတမ်း Animation ဗီဒီယိုကို ပြသခဲ့ပြီး ကော်မရှင်၏ ၁၀ နှစ်တာခရီး သမိုင်းကြောင်းစာအုပ် မိတ်ဆက်ဖြန့်ချီခြင်းကို ပြုလုပ်ခဲ့ပါသည်။

ထို့နောက် (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကဗျာ ပြိုင်ပွဲ ပထမဆုရရှိသူ ဒေါ်ခိုင်ယဉ်မွန်သန့်၊ ဆောင်းပါးပြိုင်ပွဲ ပထမဆုရရှိသူ ဒေါ်ဝတ်ရည်ဝင်း၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းခြင်းပြိုင်ပွဲ ပထမဆု ရရှိသော နိုင်ငံတကာဆက်ဆံရေးဌာနနှင့် ဘာသာပြန်ပြိုင်ပွဲ၊ ဉာဏ်စမ်း




ပဟေဠိပြိုင်ပွဲ စသည့်ပြိုင်ပွဲ အသီးသီး၌ ဆုရရှိကြသည့် ကော်မရှင်ရုံး ဝန်ထမ်းများအား ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ အဆိုပါပြိုင်ပွဲများတွင် ကော်မရှင်ရုံးဝန်ထမ်း စုစုပေါင်း (၅၀) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရပါသည်။

အခမ်းအနားကို မွန်းလွဲ ၁၂:၂၀ နာရီအချိန်တွင် ကော်မရှင်ရုံးဝန်ထမ်းများက ကော်မရှင်၏ မူပိုင်တေးသီချင်းဖြစ်သော "အားလုံးအတွက် လူ့အခွင့်အရေး" သီချင်းသီဆို၍ ရုပ်သိမ်းခဲ့ပါသည်။

# အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်းသည့် ဒေသတွင်းဆွေးနွေးပွဲနှင့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း




**ဒီဇင်ဘာလ ၃ ရက်**

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ British High Commission ၏ ပံ့ပိုးမှုဖြင့် မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က ကမကထ ပြုလုပ်ကျင်းပသော “အကျဉ်းထောင်ပြုပြင် ပြောင်းလဲရေး နှင့် စပ်လျဉ်း သည့် ဒေသတွင်းဆွေးနွေးပွဲ” (Regional Conference on Prison Reform) ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ လည်းကောင်း၊ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ၂၀၂၁ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ဦးဆောင်ကျင်းပသော အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum –SEANF) ၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်း အဝေးကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂ ရက်နေ့အထိလည်းကောင်း hybrid format ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က online platform စနစ်အသုံးပြု၍ ပါဝင် တက်ရောက်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သော “အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်းသည့် ဒေသတွင်းဆွေးနွေးပွဲ” သို့ အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံနှင့် မလေးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်၊ ကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုး၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဦးသူရကျော်၊ ဦးဇေယျာလင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲနောင်လွင်၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ နှင့် ထိုင်းနိုင်ငံ အကျဉ်းဦးစီးဌာနတို့မှ အရာရှိကြီးများ၊ United Nations Office on Drugs and Crime (UNODC) မှ ကိုယ်စားလှယ်များ၊ အရှေ့တောင်အာရှဒေသ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်များ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံ တရားရေးနှင့် ဥပဒေရေးရာ အဖွဲ့အစည်း

စာမျက်နှာ ၄ သို့

များမှ ကိုယ်စားလှယ်များ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှား နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀၀ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ဒေသတွင်းဆွေးနွေးပွဲတွင် အရှေ့တောင်အာရှဒေသတွင်းရှိ အကျဉ်းထောင်များအခြေအနေ၊ အကျဉ်းထောင်များနှင့်စပ်လျဉ်းသည့် နိုင်ငံတကာ စံနှုန်းများ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပိုမို




ကောင်းမွန်သည့်အကျဉ်းထောင်စနစ် ဖြစ်ပေါ်ရေးအတွက် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေးအတွက် လွှတ်တော်များ၏ ပံ့ပိုးမှုအခန်းကဏ္ဍနှင့် ပိုမိုကောင်းမွန်ထိရောက်မှုရှိ သော အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍ အစရှိသည့် ဘာသာရပ်များကို Panel Discussion ပုံစံများဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးသူရကျော်က ပိုမိုကောင်းမွန် သည့် အကျဉ်းထောင်စနစ် ဖြစ်ပေါ်ရေးအတွက် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်း များ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းသော Panel Discussion တွင် အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေး နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များ၊ တိုးတက် ဖြစ်ပေါ်မှုများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြမှုပြုလုပ်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ကျင်းပခဲ့သော အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံတို့၏ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် အဖွဲ့များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊ ဒေါ်နုနုယဉ်၊ ဒေါက်တာတင်မောင်မောင်သန်း၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်အောင်၊ ဦးကျော်မြင့်နှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ၊ စုစုပေါင်း ၄၈ ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် ၂၀၂၁ ခုနှစ်အတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ တိုးတက်ဖြစ်ထွန်းမှု များနှင့် ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများကို ဖိုရမ်အဖွဲ့ဝင် ကော်မရှင် တစ်ဖွဲ့ချင်းစီက ဆွေးနွေးတင်ပြခြင်း၊ ဖိုရမ်၏ အမှတ်တံဆိပ် (Logo) အတည်ပြုချမှတ်ခြင်း၊ ဖိုရမ်၏ web-site အသစ် စတင်မိတ်ဆက် လွှင့်တင်ခြင်း၊ ဖိုရမ်၏ မဟာဗျူဟာ (၂၀၂၂-၂၀၂၆) ကိုအတည်ပြုချမှတ်ခြင်း၊ ဖိုရမ်၏ ညှင်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေး လမ်းညွှန်စာတမ်း အတည်ပြုခြင်း၊ ဖိုရမ်အဖွဲ့ဝင်များ၏ လူ့အခွင့်အရေး မြှင့်တင်ရေး၊ အသိပညာပေးခြင်းတို့နှင့် စပ်လျဉ်း၍ ကျင့်သုံးဆောင်ရွက်မှုပုံစံကောင်းများနှင့် စိန်ခေါ်မှုများကို တင်ပြဆွေးနွေးခြင်း၊ ဖိုရမ်၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင် ရေး ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တိုးတက်ဆောင်ရွက်ချက်များ၊ မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်၏ Office of the Children's Commissioner မှ မလေးရှားနိုင်ငံ၏ ကလေးသူငယ် အခွင့်အရေးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုများတင်ပြဆွေးနွေးခြင်း၊ ဖိလစ်ပိုင်အမျိုးသား လူ့အခွင့် အရေးကော်မရှင်က "Digital Rights" နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခြင်း တို့ကို ပြုလုပ်ခဲ့ ကြပါသည်။ နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးပေါ်လွင်စိန်က

• စာမျက်နှာ ၅ သို့



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ ရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲများကို လည်းကောင်း၊ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းမှ လူ့အခွင့်အရေး မြှင့်တင်ရေး၊ အသိပညာပေးရေးနှင့် စပ်လျဉ်းသည့် ကျင့်သုံးဆောင်ရွက်မှု ပုံစံကောင်းများနှင့် စိန်ခေါ်မှုများကို လည်းကောင်း တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ နှစ်ပတ်လည်အစည်းအဝေး အပြီးတွင် မလေးရှားနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဖိုရမ်၏ ၂၀၂၂ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ အဖြစ်တာဝန်ယူဆောင်ရွက်မည့် ဖိလစ်ပိုင်နိုင်ငံအမျိုးသားလူ့အခွင့်အရေးသို့ ဖိုရမ်၏ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း

**ဒီဇင်ဘာ ၁၅ ရက်**

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး အရှေ့ကွင်းရှိ မြေတစ်ရပ်ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိဘဲမြေနှင့်မသက်ဆိုင်သူ ကို လုပ်ပိုင်ခွင့်ပြုခဲ့ခြင်းကို နစ်နာသူက ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာမှုအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့်တို့ ဦးဆောင် သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပြင်ဦးလွင်မြို့သို့ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပါသည်။

၂။ ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်တန်းချက် ပေးပို့သူအား စစ်ဆေးမေးမြန်းအတည်ပြုချက် ရယူခဲ့ပြီး ၁၃-၁၂-၂၀၂၁ ရက်နေ့မှ ၁၅-၁၂-၂၀၂၁ ရက်နေ့အထိ ပြင်ဦးလွင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့တွင် အခြေပြု၍ သက်ဆိုင်သည့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်သူများကို စစ်ဆေးမေးမြန်းခြင်းနှင့် အချင်းဖြစ်မြေနေရာသို့ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်စု တို့မှ တာဝန်ရှိသူများ လိုက်ပါ၍ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

၃။ စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ကော်မရှင်မှ သက်ဆိုင်ရာသို့ ဆက်လက် ပေးပို့သွားမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပုသိမ်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း

**ဒီဇင်ဘာ ၁၇ ရက်**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဦးတင်အောင်နှင့် ညွှန်ကြားရေးမှူး ချုပ် ဦးဘုန်းကြွယ်တို့ပါဝင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၅-၁၂-၂၀၂၁ ရက်နေ့နှင့် ၁၆-၁၂-၂၀၂၁ ရက်နေ့များတွင် ပုသိမ်အကျဉ်းထောင်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား တစ်ဦး၏အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စား

• စာမျက်နှာ ၆ သို့



သောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ အကျဉ်းထောင် သတ်မှတ် စည်းကမ်းချက်များနှင့်အညီ လာရောက် ပို့ဆောင် ပေးသော ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့် ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် အကျဉ်းထောင်နှင့် အချုပ်ခန်းများအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံလိုသည့် အကျဉ်း သား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများနှင့်တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မှတ်တမ်း တင်ခဲ့ပါသည်။




၃။ ပုသိမ်အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ်အကျဉ်းသား/အကျဉ်းသူ၊ အချုပ် သား/အချုပ်သူများ၏ အိပ်ဆောင်များသန့်ရှင်းမှု၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ ၊ တိုက်ခန်း များ၊ ဆေးရုံဆောင်၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေ၊ သုံးရေကန်များနှင့် စာကြည့်တိုက် တို့ကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထား ရှိမှုနှင့် Quarantine ထားရှိသည့် အဆောင် အခြေအနေတို့ကို လည်းကောင်း ကြည့်ရှု စစ်ဆေးခဲ့ ပါသည်။




၄။ အကျဉ်းသား/သူ၊ အချုပ်သား/သူများ အသိပညာ တိုးပွားစေရန် ရည်ရွယ်၍ အကျဉ်းထောင် စာကြည့်တိုက်တွင် ထားရှိရန် သုတ၊ ရသ၊ ကျန်းမာရေး၊ ဘာသာရေး စာအုပ်မျိုးစုံအုပ်ရေ (၂၀၀) နှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန် စာသားများပါရှိသော မှတ်စုစာအုပ် (၃၀၀) အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ အကျဉ်းထောင်တာဝန်ခံမှ လက်ခံရယူခဲ့ပါသည်။

၅။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ပုသိမ်အကျဉ်းထောင်ခရီးစဉ်အတွင်း စစ်ဆေး တွေ့ရှိ ချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မန္တလေးဗဟိုအကျဉ်းထောင်နှင့် ကုန်ထုတ်စခန်းများအား ကြည့်ရှုစစ်ဆေးခြင်း



**ဒီဇင်ဘာလ ၁၇ ရက်**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၆-၁၂-၂၀၂၁ ရက်နေ့နှင့် ၁၇-၁၂-၂၀၂၁ ရက်နေ့များ တွင် မန္တလေးဗဟိုအကျဉ်းထောင်၊ (၂၄) မိုင်၊ ထုံးဘို (ကျား-၁) (ကျား-၂) နှင့် ထုံးဘို (မ) ကုန်ထုတ် စခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား/အကျဉ်း သူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်း များ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်း နှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း နှင့် ယခင် က ကြည့်ရှုစစ်ဆေးသည့် အကြံပြုချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ တို့ကို ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

၃။ ဗဟိုအကျဉ်းထောင်နှင့် ကုန်ထုတ်စခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ အချုပ်ထောင်၊ အကျဉ်းထောင်ဆေးရုံ၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန် များ၊ Quarantine ထားရှိသည့်အဆောင်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကို လည်းကောင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ တို့ကိုလည်းကောင်း ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

၄။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်



# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်။
ဖုန်း- ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဗင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။

ဖုန်း - ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ဦးပိုင်အမှတ် ၃၅ (က၊ဃ)၊ ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်း အနောက်ရပ်ကွက်၊ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ဖုန်း - ၀၉၅၃၄၃၆၅၀

**ရခိုင်ပြည်နယ် (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။

ဖုန်း -၀၉၄၂၅၈၆၀၀၀၈

---

*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*
*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*
*e-government@mnhrc.org.mm*